ဤ PDS ဘာသာပြန်မှာ ဇန်နဝါရီ ၆၊၂၀၁၄ ရက်စွဲပါ အင်္ဂလိပ် ဘာသာ မူရင်းကို အခြေခံထားသည်။

# စီမံကိန်းအချက်အလက်စာရင်း (PDS)

စီမံကိန်းအချက်အလက်စာရင်း (PDS) တွင် စီမံကိန်းသို့မဟုတ် စီမံကိန်းငယ်တို့၏အကျဉ်းချုပ်အချက်အလက်များပါဝင်သည်။စီမံကိန်းအချက်အလက်စာရင်းတွင် အချက်အလက်အသစ်များကို အမြဲထည့်သွင်းနေရရာ အစောပိုင်းစာရင်းများတွင် အချို့ အချက်အလက်များ မပါဝင်နိုင်သေးသော်လည်း ထိုအချက်အလက်များကို ရရှိသည့်အခါ စာရင်း၌ထပ်မံဖြည့်စွက် ရသည်။အဆိုပြုသည့် စီမံကိန်းနှင့်ပတ်သက်သော အချက် အလက်များမှာ အစမ်းသဘော ထည့်သွင်းပြီး အဆိုပြုခြင်းဖြစ်သည်။

| | |
|---|---|
| **PDS စတင်သည့်နေ့** | – |
| **PDS ကို မွမ်းမံသည့်နေ့** | ဒီဇင်ဘာ ၁၆၊၂၀၁၃ |

| | |
|---|---|
| **စီမံကိန်းအမည်** | ဆင်းရဲနွမ်းပါးသူများဆိုင်ရာ အခြေခံအဆောက်အဦနှင့် အခြေခံလိုအပ်ချက်ဖြည့်တင်းမှုလုပ်ငန်း |
| **နိုင်ငံ** | မြန်မာနိုင်ငံ |
| **စီမံကိန်း/အစီအစဉ်အမှတ်** | ၄၇၁၈၇-၀၀၁ |
| **စီမံကိန်းအဆင့်** | အဆိုပြုပြီး |
| **စီမံကိန်းနေရာ** | – |

နိုင်ငံလုံးဆိုင်ရာအစီအစဉ်နှင့်ဗျူဟာများ ရေးဆွဲရာတွင် သော်လည်းကောင်း၊စီမံကိန်းများကို ငွေကြေးထောက်ပံ့ရာတွင် သော်လည်းကောင်း၊ဤအစီရင်ခံစာပါ နယ်မြေနှင့်ဒေသများသတ်မှတ်ရည်ညွှန်းရာတွင် သော်လည်းကောင်း အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဥပဒေရေးရာအရသော်လည်းကောင်း၊ နယ်မြေဒေသများ၏အဆင့်သတ်မှတ်ချက်အရသော်လည်းကောင်းမည်သည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ရန် ရည်ရွယ်ချက်မရှိပါ။

| | |
|---|---|
| **ကဏ္ဍနှင့် ကဏ္ဍခွဲသတ်မှတ်ခြင်း** | ကဏ္ဍပေါင်းစုံ/ ကဏ္ဍပေါင်းစုံ |
| **အကြောင်းအရာအလိုက်အမျိုးအစားခွဲခြင်း** | လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးရေး<br>ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး<br>လူမှုရေးဆိုင်ရာများ ဖွံ့ဖြိုးရေး |
| **ကျားမခွဲခြားမှုဆိုင်ရာလက်ရှိအမျိုးအစားများ** | ကျားမ မရွေးပါဝင်နိုင်ပြီးထိရောက်မှုရှိ |

## ငွေကြေးထောက်ပံ့မှု

| ငွေကြေးထောက်ပံ့မှု အမျိုးအစား | ခွင့်ပြုချက်အမှတ် | ရန်ပုံငွေထောက်ပံ့သူ | ခွင့်ပြုသည့်ငွေပမာဏ (ထောင်) |
|---|---|---|---|
| ခွင့်ပြုပံ့ပိုးငွေ | – | – | 0 |
| – | – | – | – |
| **စုစုပေါင်း** | | | **US$ 0** |

## စီမံကိန်းဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှုအမျိုး အစားများ

စီမံကိန်း ဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှုအမျိုးအစားများအကြောင်း ပိုမိုသိရှိလိုလျှင် အောက်ပါအင်တာနက်လိပ်စာတွင် ကြည့်ရှုနိုင်ပါသည်။
http://www.adb.org/site/safeguards/safeguard-categories

| | |
|---|---|
| **သဘာဝပတ်ဝန်းကျင်** | B |
| **အဓမ္မ ရွှေ့ပြောင်းနေရာချထားခြင်း** | B |
| **ဒေသခံပြည်သူများ** | B |

## ပတ်ဝန်းကျင်နှင့်လူမှုရေးကိစ္စရပ်များဆိုင်ရာအကျဉ်းချုပ်

**ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ**

ပတ်ဝန်းကျင်တွင် စီမံကိန်းကြောင့် ဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှုဆိုင်ရာစီမံမှုတွင်ဤစီမံကိန်းသည် အဆင့် B တွင်ရှိသည်။ စီမံကိန်းပါ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ကိုင်တွယ်နိုင်လောက်သည့်အနေအထားမျိုးရှိရန် ရည်မှန်းထားသောကြောင့် အဆင့် B ဟု သတ်မှတ်ခြင်းဖြစ်သည်။

အဓမ္မ ရွှေ့ပြောင်းနေရာချထားခြင်း

လူနေမှုဆိုင်ရာတွင် စီမံကိန်းကြောင့် ဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှုဆိုင်ရာစီမံမှုတွင် အဓမ္မ ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ဒေသခံပြည်သူများနှင့်ဆိုင်သော ကိစ္စရပ်များကိုပါ ထည့်တွက်ပြီးဖြစ်ရာ ဤစီမံကိန်းသည် အဆင့် B တွင်ရှိသည်။ စီမံကိန်းကို ကြိုတင်သတ်မှတ်ထားသည့် နေရာဒေသတွင် အကောင်အထည်ဖေါ်မည် ဖြစ်သည်။ ဤစီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရမည့်သူအများစုသည် ဆင်းရဲနွမ်းပါးပြီး ထိုနေရာ၌ အနှစ် ၂၀ ကျော် နေထိုင်လာသူများဖြစ်ကြရာ စီမံကိန်းကြောင့် မိမိနေထိုင်ရာနေရာမှ ပြောင်းရွှေ့ပေးရခြင်းမျိုးမရှိနိုင်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အခြားနေရာသို့ ပြောင်းရွှေ့ပေးရခြင်းမျိုး မရှိနိုင်ပေ။ သို့ရာတွင် လမ်းဘေးမြောင်းများကို ချဲ့ထွင်ရန်အတွက် မြေဧရိယာ အနည်းငယ် အသုံးပြုရမည်ဖြစ်ပြီး လမ်းဘေးရှိ အများပိုင် မြေနေရာများကို သုံးစွဲမည်ဖြစ်သည်သည်။ ဤစီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရမည့်သူများသည် အမျိုးတူအုပ်စုများဖြစ်ပြီး ထိုဒေသခံများမှာ မြို့ပြလူနေမှုပုံစံရလာကာ တသားတည်းဖြစ်လာမည့်အပြင် မိမိတို့မှာ မြို့နှင့်ဝေးရာတွင်နေသူများဟု

မှတ်ယူကြတော့မည် မဟုတ်ပေ။

ဒေသခံပြည်သူများ

လူနေမှုဆိုင်ရာတွင် စီမံကိန်းကြောင့် ဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှုဆိုင်ရာစီမံမှုတွင် အခမဲ့ ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ဒေသခံပြည်သူများနှင့်ဆိုင်သော ကိစ္စရပ်များကိုပါ ထည့်တွက်ပြီးဖြစ်ရာ ဤစီမံကိန်းသည် အဆင့် B တွင်ရှိသည်။ စီမံကိန်းကို ကြိုတင်သတ်မှတ်ထားသည့် နေရာဒေသတွင် အကောင်အထည်ဖေါ်မည် ဖြစ်သည်။ ဤစီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရမည့်သူအများစုသည် ဆင်းရဲနွမ်းပါးပြီး ထိုနေရာ၌ အနှစ် ၂၀ ကျော်နေထိုင်လာသူများဖြစ်ကြရာ စီမံကိန်းကြောင့် မိမိနေထိုင်ရာနေရာမှ ပြောင်းရွှေ့ပေးရခြင်းမျိုးမရှိနိုင်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အခြားနေရာသို့ ပြောင်းရွှေ့ပေးရခြင်းမျိုး မရှိနိုင်ပေ။ သို့ရာတွင် လမ်းဘေးမြောင်းများကို ချဲ့ထွင်ရန်အတွက် မြေဧရိယာ အနည်းငယ် အသုံးပြုရမည်ဖြစ်ပြီး လမ်းဘေးရှိ အများပိုင် မြေနေရာများကို သုံးစွဲမည်ဖြစ်သည်သည်။ ဤစီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရမည့်သူများသည် အမျိုးတူအုပ်စုများဖြစ်ပြီး ထိုဒေသခံများမှာ မြို့ပြလူနေမှုပုံစံရလာကာ တသားတည်းဖြစ်လာမည့်အပြင် မိမိတို့မှာ မြို့နှင့်ဝေးရာတွင်နေသူများဟု မှတ်ယူကြတော့မည် မဟုတ်ပေ။ သို့ရာတွင် မန္တလေးနှင့် ရန်ကုန်ရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းကို အသေးစိတ် စစ်တမ်းကောက်ယူမှုဖြင့် အတည်ပြုနိုင်သည့် အချိန်အထိ အဆင့် B ဟု သတ်မှတ်မည် ဖြစ်သည်။

## ထောက်ပံ့သူများနှင့်ဆက်ဆံရေး၊ပူးပေါင်းပါဝင်မှုနှင့် အတိုင်ပင်ခံမှု

**စီမံကိန်းရေးဆွဲစဉ်ကာလ**

–

**စီမံကိန်းအကောင်အထည်ဖေါ်စဉ်ကာလ**

–

## စီမံကိန်းဆိုင်ရာဖေါ်ပြချက်

ရေဖြန့်ဖြူးခြင်း၊ သန့်စင်ခန်းအိမ်သာများတည်ဆောက်ခြင်း၊စီမံကိန်းဒေသတွင်း ပင်မရေနုတ်မြောင်းများ တည်ဆောက်ခြင်း၊အမှိုက်စွန့်ပစ်မှုကို စီမံခန့်ခွဲခြင်းနှင့် လူသွားလမ်းဖေါက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းကို ရေးဆွဲ ထားသည်။ ရေဖြန့်ဖြူးခြင်း လုပ်ငန်းတွင်မူ စရိတ်ကာမိစေရန်နှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် အခကြေးငွေကောက်ခံ စေမည်ဖြစ်သည်။

## စီမံကိန်းဆောင်ရွက်ရခြင်းနှင့် နိုင်ငံ/ဒေသဆိုင်ရာဗျူဟာတို့ ဆက်စပ်မှု

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏မှတ်တမ်းများအရ ရန်ကုန်မြို့ဆင်ခြေဖုံးဒေသများရှိလူဦးရေ၏ ၆၀ ရာခိုင်နှုန်းအောက်သာ စည်ပင်သာယာရေးကော်မတီက ဖြန့်ဖြူးသည့် ရေပိုက်လိုင်းမှ ရေကို သုံးစွဲနိုင်ကြသည်။ အခြားသူများမှာမူ မိုးရေ၊တွင်းရေများကိုသုံးစွဲရသည့်အပြင် ရေရောင်းသူများထံမှ ရေကို ဝယ်ယူသုံးစွဲကြရသည်။ ရေဝယ်သုံးရခြင်းကြောင့် မိသားစုဝင်ငွေမှ ၁၀ ရာခိုင်နှုန်းခန့်ထိ သုံးစွဲကြရသည်။
မန္တလေးမြို့ဆင်ခြေဖုံးဒေသများရှိလူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် မြို့တော်ရေးပေးဝေရေးစနစ်မှ ရေကိုသုံးစွဲခွင့်ရ

ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) ၏အစီရင်ခံစာများအရ သိရသည်။ အထူးသဖြင့် ဆင်းရဲသားများနေထိုင်ရာ နေရာများတွင် မှန်တိုင်းဒီရေနှင့် ရေဆိုးများကို စွန့်ပစ်ရန် ရေနုတ်မြောင်းများမရှိမရှိပေ။ အဖုံးမရှိသည့် မြောင်းများနှင့် နေအိမ်ခြံဝင်းများရှိ ရေအိုင်များတွင် ရေဆိုးများဝပ်လျက်ရှိသည်။ ထိုသို့ရေဆိုးများ ဝပ်နေသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပြင် ငှက်ဖျားနှင့်သွေးလွန်တုတ်ကွေးရောဂါများကဲ့သို့ ရေတွင်ပေါက်ပွားသည့် ပိုးမွှားကောင်များမှ တစ်ဆင့်ကူးစက်တတ်သည့် ရောဂါများ ဖြစ်ပွားနှုန်းမြင့်မားလာသည်။

ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားပြီး စီးပွားရေးနှင့် စားဝတ်နေ ရေးအဆင့်အတန်း မြင့်မားလာရန် အလားအလာနည်းသည့် နေရာများထဲမှ ရွေးချယ်ထားသည့် နေရာများတွင် ဆင်းရဲမွဲတေမှုနှုန်း လျှော့ချရေးဆောင်ရွက်သွားရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလူမှုရေးပြုပြင်ပြောင်းလဲရေး ဆိုင်ရာမူဘောင်အရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၌ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး လူသားတစ်ဦးချင်းစီ၏ဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်းမှာလည်း အနိမ့်ဆုံးဖြစ်နေသည်။ ဆင်းရဲမွဲတေမှုလျှော့ချရေးဆိုင်ရာ အစီအမံများသည် တစ်နိုင်ငံလုံးအတိုင်းအတာ စီးပွားရေးမူဝါဒများအပြင် ကဏ္ဍအလိုက်အသေးစိတ်မူဝါဒများကိုပါ အခြေခံပြီး လူသားအခြေပြု တပြေးညီတိုးတက်ရေးနှင့် စီမံအုပ်ချုပ်မှုအခြေအနေကောင်းမွန်လာစေရေးကို အထောက်အကူပြုမည်ဖြစ် သည်။ အေဒီဘီ (ADB)၏ တစ်နိုင်ငံလုံးအတိုင်းအတာပူးပေါင်းဆောင်ရွက်မှုကြားဖြတ်မဟာဗျူဟာ(ICPS)-အောက်တိုဘာ ၂၀၁၂–၂၀၁၄)သည် ဆင်းရဲမွဲတေမှုလျှော့ချရာတွင် ရေရှည်တည်တံ့သော စီးပွားရေးတစ်ပြေးညီ တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုရှိလာအောင် အစိုးရကို အထောက်အပံ့ပေးရန် ဖြစ်သည်။ အေဒီဘီ (ADB)သည် (၁) ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး၊ (၂)ကောင်းမွန်သောအုပ်ချုပ်ရေး၊(၃)ပုဂ္ဂလိကလုပ်ငန်း ကဏ္ဍတိုးတက်ရေး၊(၄) ဒေသ အလိုက်ပူးပေါင်းဆောင်ရွက်ရေးနှင့်ပေါင်းစည်းမှုရှိရေး နှင့် (၅) ကျားမတန်းတူ အခွင့် အရေးရှိရေးတို့ကို ပင်မကျောရိုး လုပ်ငန်းများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ဤပင်မကျောရိုး လုပ်ငန်းများကို JFPR ပံ့ပိုးခွင့်ပြုငွေ စီမံကိန်း ရေးဆွဲရာတွင် အခြေခံထားသည်။

## ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးသက်ရောက်မှု

ရန်ကုန်နှင့်မန္တလေးမြို့များရှိ စီမံကိန်းဆောင်ရွက်ရာနေရာများတွင် စားဝတ်နေရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်လာသည်။

## စီမံကိန်းရလဒ်

| ရလဒ်ဖော်ပြမှု | ဖြစ်ထွန်းမှုအခြေအနေရရှိလာခြင်း |
|---|---|
| ရန်ကုန်နှင့်မန္တလေးမြို့များရှိ စီမံကိန်းဆောင်ရွက်ရာနေရာများ တွင်ပတ်ဝန်းကျင်ဆိုင်ရာအခြေခံအဆောက်အဦများ တိုးတက်လာ သည်။ | – |

## ဖြစ်ထွန်းမှုများနှင့်အကောင်အထည်ဖော်ရာတွင် တိုးတက်မှု

| **စီမံကိန်းမှ ဖြစ်ထွန်းမှုများ** | **လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ(ဖြစ်ထွန်းမှု၊ဆောင်ရွက်ချက်များနှင့် ပြဿနာများ)** |
|---|---|
| တတိယအဆင့် အခြေခံအဆောက်အဦ စီမံကိန်းရေးဆွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့တွင် အထောက်အကူ ဖြစ်စေသည်။စီမံကိန်းဆောင်ရွက်ရာ နေရာများတွင် အခြေခံအဆောက်အဦနှင့် အခြေခံလိုအပ်ချက်များ တိုးတက်လာသည်။ စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှု၊စောင့်ကြည့်စစ်ဆေးမှုနှင့် အကဲဖြတ်မှုများရှိလာသည်။ | – |
| **ဖွံ့ဖြိုးရေးစီမံကိန်းများ အခြေအနေ** | **ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ** |
| – | – |

## စီးပွားရေးအခွင့်အလမ်းများ

| | |
|---|---|
| **စတင်စာရင်းပြုသည့်နေ့** | ဒီဇင်လာ ၅၊ ၂၀၁၃ |
| အတိုင်ပင်ခံလုပ်ငန်း<br>tbd | |
| ပစ္စည်းနှင့်ဝန်ဆောင်မှုရှာဖွေရေး<br>tbd | |
| ပစ္စည်းနှင့်ဝန်ဆောင်မှုရှာဖွေရေးနှင့်အတိုင်ပင်ခံလုပ်ငန်းများ အသိပေးချက်<br>http://www.adb.org/projects/47187-001/business-opportunities | |

## အချိန်ဇယား

| | |
|---|---|
| စည်းမျဉ်းချမှတ်မှု | ဩဂုတ် ၁၅၊ ၂၀၁၃ |
| ချက်အလက်ရှာဖွေခြင်း | ဩဂုတ် ၃၀၊၂၀၁၃ မှ စက်တင်ဘာ ၃၀၊ ၂၀၁၃ |
| စီမံခန့်ခွဲမှု သုံးသပ်ရေး အစည်းအဝေး | – |
| ခွင့်ပြုချက်ရသည့်နေ့ | – |
| အပြီးသတ်သုံးသပ်ရေးအဖွဲ့ | – |

## စီမံကိန်းဆောက်ရွက်မှုမှတ်တမ်း

| ခွင့်ပြုချက်အမှတ် | ခွင့်ပြုခြင်း | လက်မှတ်ရေးထိုးခြင်း | စတင်ခြင်း | အနှစ်ချုပ် | | |
|---|---|---|---|---|---|---|
| | | | | အစပြုခြင်း | သုံးသပ်ခြင်း | အမှန်တကယ်စတင်ခြင်း |
| – | – | – | – | – | – | – |

## အသုံးပြုခြင်း

| နေ့စွဲ | ခွင့်ပြုချက်အမှတ် | အဒေီဘီ (အမေရိကန်ဒေါ်လာထောင်ပေါင်း) | အခြားအဖွဲ့အစည်း (အမေရိကန်ဒေါ်လာထောင်ပေါင်း) | စုစုပေါင်းရာခိုင်နှုန်း |
|---|---|---|---|---|
| **ကန်ထရိုက်အရစုစုပေါင်း ခွင့်ပြုငွေပမာဏ** | | | | |
| – | – | – | – | – |
| **စုစုပေါင်း ထုတ်ပေးသည့်ငွေပမာဏ** | | | | |
| – | – | – | – | – |

## ငွေကြေးလျှုဒါန်းမှုကတိစာချုပ်များအခြေအနေ

ငွေကြေးလျှုဒါန်းမှုကတိစာချုပ်ကို စစ်ဆေးပြီးစာရင်း၊ စီမံကိန်း ဒဏ်သင့်မှုအတွက် လူမှုရေးစောင့်ရှောက်မှု၊ လူမှုရေး၊ ကဏ္ဍအလိုက်၊ ဘဏ္ဍာရေး၊စီးပွားရေးနှင့် အခြားကဏ္ဍများဟူ၍ အမျိုးအစားခွဲခြားထားသည်။ ကတိစာချုပ်အတိုင်း လိုက်နာမှုရှိမရှိကို အောက်ပါစံနှုန်းများဖြင့်တိုင်းတာသည်။

(၁)စံနှုန်းပြည့်မီခြင်း။ ။ ဤအမျိုးအစားတွင် စာချုပ်များပါအတိုင်းမျှော်လင့်ထားသည့် အတိုင်းအတာထိ အမြင့်ဆုံး အကောင်အထည်ဖေါ်နိုင်မှုရှိသည်။

(၂)အတိုင်းအတာတစ်ခုအထိ စံနှုန်းပြည့်မီခြင်း။ ။စာချုပ်များထဲမှ အများဆုံး ၂ ခုမှာ အကောင်အထည်ဖေါ် နိုင်မှုမရှိလျှင် ဤစံနှုန်းအမျိုးအစားဟု သတ်မှတ်သည်။

(၃) စံနှုန်းမပြည့်မီခြင်း။ ။ စာချုပ်များထဲမှ အများဆုံး ၃ ခုသို့မဟုတ်မှာ အကောင်အထည်ဖေါ်နိုင်မှု မရှိလျှင် ဤစံနှုန်းအမျိုးအစားဟု သတ်မှတ်သည်။ ၂၀၁၁ ခုနှစ် ပြည့်သူ့ဆက်ဆံရေးမူဝါဒအရ စီမံကိန်းငွေကြေးရှင်းတမ်းများနှင့်စပ်လျဉ်းသော အကောင်အထည်ဖေါ်နိုင်သည့်နှုန်းထားသတ်မှတ်ချက်များသည် ၂၀၁၂ ခုနှစ် ဧပြီလ ၂ ရက်နေ့နောက်ပိုင်းတွင် စတင်ညှိနှိုင်းသော စီမံကိန်းများအတွက်သာ အကျုံးဝင်သည်။

| ခွင့်ပြုချက်အမှတ် | အမျိုးအစား | | | | | | |
|---|---|---|---|---|---|---|---|
| | ကဏ္ဍ | လူမှုရေး | ဘဏ္ဍာရေး | စီးပွားရေး | အခြားကဏ္ဍ | လူမှုရေးစောင့်ရှောက်မှု | စီမံကိန်းငွေကြေးရှင်းတမ်းများ |
| ပံ့ပိုးခွင့်ပြုငွေ - | – | – | – | – | – | – | – |

## ဆက်သွယ်ရမည့်လိပ်စာနှင့်အသစ်ထည့်သွင်းသည့်အချက်အလက်များ

| | |
|---|---|
| **တာဝန်ရှိအေဒီဘီအရာရှိ** | Linda Adams (ladams@adb.org) |
| **တာဝန်ရှိအေဒီဘီဌာန** | အရှေ့တောင်အာရှရေးရာဌာန |
| **တာဝန်ရှိအေဒီဘီ လုပ်ငန်းခွဲများ** | ဆင်ခြေဖုံးဒေသဖွံ့ဖြိုးရေးနှင့်ရေစီမံမှုဌာန (SERD)<br>Urban Development and Water Division, SERD |
| **လုပ်ငန်းအကောင်အထည်ဖေါ်သည့်အဖွဲ့များ** | – |

## အင်တာနက်လိပ်စာများ

| | |
|---|---|
| **စီမံကိန်းဝက်ဘ်ဆိုက်** | ttp://www.adb.org/projects/47187-001/main |
| **စီမံကိန်းစာရင်းများ** | ttp://www.adb.org/projects/47187-001/documents |